# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

April 1, 2020 Volume 30, Number 1


| ၁.၄.၂၀၂၀ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၆၁၆ -US$ |
| မြန်မာ့ရွှေဈေး | = Close |
| ဒေါ်လာဈေး | = ၁၃၈၇/- ကျပ် |
| CBM Rate | = ၁၃၉၄.၉ ကျပ် |
| ယူရို တစ်ယူရို | = ၁၅၃၁.၈ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၉၇၇.၈၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၇၁၉.၈ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၂၈၅.၉ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၈၅၆.၇၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၁၉၆.၆၄ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၁၈.၄၇၆ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၁၄.၀၇ ကျပ် |
| မလေးရှားရင်းဂစ် | =၃၂၃.၄၂ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၂.၄၆၉ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## COVID-19ကြောင့် မြန်မာ့စီးပွားရေးတိုးတက်နှုန်း ၃ ရာခိုင်နှုန်းသာရှိမည်ဟု ကမ္ဘာ့ဘဏ်ခန့်မှန်း



COVID-19 ကြောင့် မြန်မာ့စီးပွားရေးအပေါ် ပြင်းထန်စွာသက်ရောက်နိုင်သော်လည်း ကပ်ရောဂါမတိုင်မီက စီးပွားရေးကောင်းမွန်သဖြင့် အနည်းငယ်ခံသာမည်ဟု ကမ္ဘာ့ဘဏ်က မတ်လ ၃၀ ရက်တွင် ထုတ်ပြန်သောအစီရင်ခံစာ၌ ဖော်ပြထားသည်။ အာရှနှင့်ပစိဖိတ်နိုင်ငံများသည် COVID-19 ကြောင့် ဖြစ်ပေါ်လာမည့် စီးပွားရေး အကျပ်အတည်းများသက်သာရန် ယခုအချိန်ကစ၍ဆောင်ရွက်ရမည်ဟု ကမ္ဘာ့ဘဏ် အစီရင်ခံစာတွင် ဖော်ပြထားသည်။ ထိုအစီရင်ခံစာတွင် မြန်မာနိုင်ငံသည် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၌ စီးပွားရေးတိုးတက်နှုန်း ၂ ရာခိုင်နှုန်းမှ ၃ ရာခိုင်နှုန်းအထိ ကျဆင်းနိုင်သည်ဟု ကမ္ဘာ့ဘဏ်က ခန့်မှန်းထားသည်။

မြန်မာ့စီးပွားတိုးတက်နှုန်းသည် ၃ ရာခိုင်နှုန်းသာရှိမည်ဟု ကမ္ဘာ့ဘဏ်က ခန့်မှန်းထားပြီး ၂၀၂၀ ဘဏ္ဍာနှစ်တွင် ၆ ရာခိုင် နှုန်း၊ ၂၀၂၁ တွင် ၆ ဒသမ ၇ နှင့် ၂၀၂၂ တွင် ၆ ဒသမ ၇ အထိ ပြန်လည်မြင့်တက်မည်ဟု ခန့်မှန်းထားသည်။ ထိုအစီရင်ခံစာတွင် ကျန်းမာရေးမူဝါဒနှင့် စီးပွားရေးမူဝါဒများကို အချိုးညီစွာချမှတ်နိုင် ပါက မြန်မာ့စီးပွားရေး အခြေအနေသွက်လာမည်ဟုဆိုသည်။ သို့သော် နိုင်ငံအတွင်း COVID-19 ရောဂါပျံ့နှံ့လာပါက စီးပွားရေးကျပ်တည်းမှုသည် ပိုမိုဆိုးရွားလာပြီးကုစားရန် အချိန်လည်းယူရမည်ဟု ကမ္ဘာ့ဘဏ်ကသတိပေးထားသည်။ ထိုကြောင့် အစိုးရသည် ကျန်းမာရေးအတွက် အလိုအပ်ဆုံးသော အခြေအနေများနှင့် ကဏ္ဍများတွင် အရင်းအမြစ်များ စောစီးစွာဖြည့်တင်းရန်နှင့် လုပ်ငန်းများလည်ပတ်နိုင်ရန် ဈေးငွေများ လက်လှမ်းမီရန်နှင့် အလွယ်တကူရရှိရန် ဆောင်ရွက်ပေးထားရေး ကမ္ဘာ့ဘဏ်က

တိုက်တွန်းထားသည်။ အိမ်ထောင်စုများ ဝင်ငွေဆုံးရှုံးမှုများကို ယာယီကုစားနိုင်မည့် နည်းလမ်းများကို ဦးစားပေးဆောင်ရွက်သင့်သည်ဟုတိုက်တွန်းသည်။

COVID-19 ကြောင့် ဆင်းရဲနွမ်းပါးမှု ပိုမိုဆိုးရွားလာပြီး ထိုရောဂါမပေါ်ပေါက်ခဲ့ပါက ၂၀၂၀ တွင် လူဦးရေ ၂၄ သန်း ဆင်းရဲတွင်းမှ လွတ်ကင်းမည်ဟု ခန့်မှန်းထားသည်။ သို့သော် ထိုရောဂါကြောင့် လူဦးရေ ၁၁ သန်းခန့် ဆင်းရဲနွမ်းပါးမှု မျဉ်းအောက်ရောက်ရှိမည်ဟု ကမ္ဘာ့ဘဏ်ကဆိုသည်။ ကမ္ဘောဒီးယားနိုင်ငံသည်လည်း စီးပွားရေး တိုးတက်နှုန်း သည် ၂ ဒသမ ၅ ရာခိုင်နှုန်းနှင့် ဗီယက်နမ်နိုင်ငံက စီးပွားရေးတိုးတက်နှုန်း ၄ ဒသမ၅ ရာခိုင်နှုန်းရှိ မည်ဟု ကမ္ဘာ့ဘဏ်ကခန့်မှန်းသည်။ ထိုင်းနိုင်ငံက စီးပွားရေးကျဆင်းမှုနှင့်ကြုံတွေ့ရမည်ဖြစ်ပြီး စီးပွားရေးကျဆင်းမှုသည် ၃ ရာခိုင်နှုန်း (ဂျီဒီပီတွင် အနုတ် ၃ ရာခိုင်နှုန်း)အထိ ရှိလာမည်ဟုဆိုသည်။ မလေးရှားနိုင်ငံလည်း စီးပွားရေးကျဆင်းမှုသည် သုည ဒသမ ၁ ရာခိုင်နှုန်းအထိ ရှိမည်ဟုခန့်မှန်းထားသည်။

ကမ္ဘာ့ဘဏ်က မြန်မာနိုင်ငံကို စီးပွားရေးအားကောင်းလာစေရန် နိုင်ငံတော်စီမံကိန်းများတွင် ငွေကြေးပိုမိုသုံးစွဲရန်၊ ပို့ကုန်နှင့်သွင်းကုန်များအတွက် လိုင်စင်ကန့်သတ်ချက်များ၊ မူဝါဒကောင်းများချမှတ်ရန် တိုက်တွန်းထားသည်။၂၀၂၀ နိုဝင်ဘာတွင်ကျင်းပမည့် ရွေးကောက်ပွဲကြောင့် စီးပွားရေးပြုပြင်ပြောင်းလဲမှု အရှိန်လျော့နိုင်၍သတိပေးထားသည်။

**Source:** https://7day.news/detail?id=183140

## ပို့ကုန်လုပ်ငန်းများ ကြိုတင်ဝင်ငွေခွန် သက်သာခွင့် ဖြည့်သွင်းရမည့်ကုတ်ထုတ်ပြန်

COVID-19 ကြောင့် ပြည်တွင်း စီးပွားလုပ်ငန်းများ မထိခိုက်စေရန် ပို့ကုန်လုပ်ငန်းများမှ ကောက်ခံသည့် ကြိုတင် ဝင်ငွေခွန် ၂ ရာခိုင်နှုန်းကို သက်သာခွင့်အတွက် ပို့ကုန်ကြေညာလွှာတင်သွင်းရာတွင် AT Exemption Code အဖြစ် (ECMA) AT Exemption Code For COVID-19 ဖြည့်သွင်းရမည်ဟု အကောက်ခွန်ဦးစီးဌာနကထုတ်ပြန်သည်။ ''ကျွန်တော်တို့ အွန်လိုင်းစနစ်မှာ ပို့ကုန်လုပ်ငန်းရှင်တွေ အခွန် ၂ ရာခိုင်နှုန်းလွတ်ဖို့ ကြိုတင်ဝင်ငွေခွန် ဖြည့်ရတဲ့အကွက်ရှိတယ်။ အဲဒီအကွက်မှာ သွားဖြည့်ရမယ်''ဟု အကောက်ခွန်မှူး ဦးရဲရင့်ဟန်ကပြောသည်။

ကြိုတင်ဝင်ငွေခွန် ၂ ရာခိုင်နှုန်းကို ဧပြီ ၁ ရက်မှ စက်တင်ဘာ ၃၀ ရက်ထိ ကင်းလွတ်ခွင့်ပြုကြောင်း စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာနက အမိန့်စာဖြင့် ထုတ်ပြန်ထားသည်။ ယင်းအပြင် အခြေခံလက်လုပ်လက်စားများ ပေးဆောင်ရသည့်အခွန်နှင့် ပြည်တွင်းလုပ်ငန်းရှင်များအပေါ် အထောက်အကူပြုရန် အခွန်ဆိုင်ရာဖြေလျှော့မှုများ လုပ်ဆောင်မည်ဟု ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းထွဋ်ကပြောသည်။ ပြီးခဲ့သည့်ရက်ပိုင်းက လက်ခစား CMP လုပ်ငန်းများ၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းနှင့် အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများ ချေးငွေလျှောက်ထားနိုင်ကြောင်း အစိုးရကကြေညာခဲ့သည်။

**Source:** https://7day.news/detail?id=183188

## အရေးကြီးကုန်စည်သုံးမျိုး ဈေးတင်ရောင်းပါက ထောင်ဒဏ်သုံးနှစ်အထိ ချမှတ်နိုင်သောပုဒ်မဖြင့် အရေးယူမည်

COVID-19 အတွက် ကျန်းမာရေး အထောက်အကူပစ္စည်းများအပါအဝင် ဆေးပစ္စည်းနှင့်စားသုံးကုန်ပစ္စည်းများ ဈေးတင်ရောင်းလျှင် ထောင်ဒဏ်သုံးနှစ်အထိ ချမှတ်နိုင်သော ဥပဒေပုဒ်မဖြင့်အရေးယူမည်ဟု စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနက မတ်လ ၃၀ ရက်တွင် အမိန့်ကြော်ငြာစာထုတ်ပြန်သည်။ ပြည်ထောင်စုဝန်ကြီး လက်မှတ်ရေးထိုးပြီး ထုတ်ပြန်သော အမိန့်ကြော်ငြာစာတွင် COVID- 19 ကာကွယ် ထိန်းချုပ် ကုသရေးဆိုင်ရာ ကျန်းမာရေး အထောက်အကူပြုပစ္စည်းများ၊ ဆေးဝါးများ၊ စားသုံးကုန်ပစ္စည်းများ ဈေးတင် မရောင်းရန် တားမြစ်ထားသည်။

ဈေးတင်ရောင်းခြင်း၊ ဈေးနှုန်းမြင့်တင်ဖြန့်ဖြူးခြင်းနှင့် ဈေးကစားရန် ရည်ရွယ်သိုလှောင်ခြင်းတို့ကို စိစစ်တွေ့ ရှိပါက ၂၀၁၂ က ပြဋ္ဌာန်းခဲ့သော အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှု ဥပဒေပုဒ်မ ၅ ဖြင့် အရေးယူမည် ဖြစ်ကြောင်း ဖော်ပြထားသည်။ အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှု ဥပဒေပုဒ်မ ၅ သည် ထောင်ဒဏ် အနည်းဆုံးခြောက်လမှ သုံးနှစ်အထိ အရေးယူနိုင်သကဲ့သို့ ငွေဒဏ် ကျပ်ငါးသိန်းလည်းချမှတ်နိုင်ကာ ပြစ်ဒဏ်နှစ်ခုစလုံးကိုလည်း ပူးတွဲချမှတ်နိုင်သည်။ သတ်မှတ်ဈေးနှုန်းဖြင့် ပိုမို

ရောင်းချသည်ကို အထောက်အထားအခိုင်အမာရရှိပါက စားသုံးသူကိုယ်တိုင် ရဲစခန်းတွင် အမှုဖွင့်တိုင်ကြားနိုင်သည်ဟု စီးပွားကူးသန်းဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးတစ်ဦးကပြောသည်။ ထို့အပြင် ကုန်ပစ္စည်းများတစ်ခုချင်းစီ၏ ဈေးနှုန်း သတ်မှတ်ချက်ကို မကြာမီထုတ်ပြန်ကြေညာမည်ဟု ၎င်းကဆိုသည်။

မြန်မာနိုင်ငံသည် ဈေးကွက် စီးပွားရေးစနစ် ဖြစ်သော်လည်း လက်ရှိအရေးပေါ်အခြေအနေတွင် အစိုးရအနေဖြင့် ကြားဝင်ပြီး ထိုကဲ့သို့ဆောင်ရွက်ခြင်းက မှန်ကန်သည့်လုပ်ဆောင်ချက်ဖြစ်သည်ဟု စီးပွားရေးပညာရှင် ဦးဇော်ဖေဝင်းကပြော သည်။ ''လက်လုပ်လက်စားတွေ၊ အခြေခံလူတန်းစားတွေ အခက်အခဲမဖြစ်အောင် လုပ်ဆောင်ပေးတဲ့ သဘောပါ''ဟု ၎င်းက ဆို သည်။ လက်ရှိတွင် COVID-19 သည် ကပ်ရောဂါအသွင်ဖြစ်နေခြင်းကြောင့် ပုံမှန်အခြေအနေမဟုတ်သဖြင့် ကုန်ဈေးနှုန်းကို အစိုးရက ထိန်းရမည်ဟုလည်း ၎င်းကဆိုသည်။

**Source:** https://7day.news/detail?id=183138

## မန္တလေးကုန်စည်ဒိုင်တွင် COVID-19 ကြောင့် ကုန်စည်အရောင်းအဝယ် မခက်ခဲစေရန် ကုန်စည်ဒိုင်အရောင်းအဝယ် Group ဖြင့် တရားဝင် ဖုန်းဖြင့်ချိတ်ဆက်ရောင်းဝယ်နိုင်



မန္တလေးမြို့ကုန်သည် ပွဲစားစက်ပိုင်များ ကထိန်တော် အသင်း (ကုန်စည်ဒိုင်)မှ စားသောက်ကုန်များ ပုံမှန်အရောင်း အဝယ်ဖြစ်စေပြီး ကုန်ဈေးနှုန်းတည်ငြိမ်စေရန်အတွက် အသင်း သား၊ အသင်းသူများအား COVID-19 ကြောင့် ကုန်စည် အရောင်း အဝယ်မခက်ခဲစေရန်အတွက် ကုန်စည်ဒိုင်အရောင်းအဝယ် Group ဖြင့် တရားဝင်ဖုန်းဖြင့် ချိတ်ဆက်ရောင်းဝယ်နိုင်အောင် ဖွင့်လှစ်ပေးထားသည်ဟု ပွဲစား၊ကုန်သည်၊ စက်ပိုင်များ မဟာ ကထိန်တော်အသင်း(မန္တလေး ကုန်စည်ဒိုင်) ဒုတိယဥက္ကဋ္ဌ ဦးမျိုးဆွေကပြောကြားသည်။ ''အသင်းသူ၊အသင်းသားတွေကို အသင်းကနေ Group ဖွဲ့ပေးလိုက်တာ၊ လိုင်းပေါ်မှာပဲ ကိုယ့်ရောင်းချင်တဲ့ ကုန်ပစ္စည်း၊ ဝယ်ချင်တဲ့ ကုန်ပစ္စည်းတွေကို အရောင်း အဝယ်လုပ်ကြတာပါ၊ အခုကက အိမ်ကနေပဲ အလုပ်လုပ်နိုင်အောင်ပေ့ါ။ အသင်းသူ အသင်းသားတွေက ကုန်စည်ဒိုင်ရဲ့ စည်းကမ်းတော့ လိုက်နာရမှာပဲ၊ဒါက တရားဝင်ကုန်စည်ဒိုင်က ဖွဲ့ပေးထားတဲ့ Group လေ။ အခုကက ဒိုင်မလာတဲ့သူတွေ အလုပ်လုပ် ဖြစ်အောင် ဈေးနှုန်းတွေလည်း စဉ်ဆက်မပျက် သိနိုင်အောင်ပေ့ါ။ အင်တာနက်လိုင်း ရှိနေတဲ့ အချိန်ကတော့ update အမြဲတမ်းသိနေတာပေ့ါ။ ပြီးခဲ့တဲ့ အစည်းအဝေးမှာ ကုန်စည်ဒိုင်ပိတ်ဖို့ ဆွေးနွေးတဲ့အခါ အကယ်၍များ လုံးဝပိတ်ခဲ့ရင် လုပ်ငန်းတွေ လုပ်လို့ရနိုင်သလောက် လုပ်လို့ရအောင် ဆိုပြီး အစည်းအဝေးမှာ ဥက္ကဋ္ဌကိုတင်ပြပြီး လုပ်ခဲ့တာပေ့ါ။ ကုန်စည်ဒိုင်က တရားဝင် လုပ်ထားတဲ့အတွက် လိုင်းပေါ်မှာဖြစ်တဲ့ ပြဿနာလေးတွေရှိခဲ့ရင် အသင်းသားကတာဝန်ခံရမယ်။အခုကကတော့ ဒီရက်ပိုင်းကုန်စည်ဒိုင်မလာနိုင်သူတွေ အလုပ်လုပ်နိုင်အောင်ရယ်၊ ဈေးနှုန်း Update သိအောင်ရယ်ပါ။ ဥပမာ ပြောရရင် ကျွန်တော်က ပဲစင်းငုံဝယ်ချင်တယ်လို့ တင်လိုက်တာနဲ့ ရောင်းချင်တဲ့သူက အဆက်အသွယ်လုပ် ရောင်းဝယ်လို့ရမှာဖြစ်ပါ တယ်''ဟု ပွဲစား၊ ကုန်သည်၊ စက်ပိုင်များ မဟာကထိန်တော်အသင်း(မန္တလေးကုန်စည်ဒိုင်) ဒုတိယဥက္ကဋ္ဌ ဦးမျိုးဆွေက ပြောကြားသည်။

ပွဲစား၊ ကုန်သည်၊ စက်ပိုင်များ မဟာကထိန်တော်အသင်း(မန္တလေးကုန်စည်ဒိုင်)အတွင်း COVID-19 ကူးစက်ရောဂါ ဝင်ရောက်မှုမရှိစေရေး၊ ကူးစက်ပျံ့နှံ့မှုမရှိစေရေးတို့အတွက် မတ် ၁၉ ရက်မှစတင်၍ ကုန်စည်ဒိုင်အတွင်း နေ့စဉ်ပိုးသတ် ဆေးဖျန်းကာ သန့်ရှင်းရေးများ ပြုလုပ်ဆောင်ရွက်သည့်အပြင် လာရောက်သူများကိုလည်း အပူချိန်တိုင်းတာစစ်ဆေးမှုများ နေ့စဉ်ပြုလုပ်ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။ မန္တလေးကုန်စည်ဒိုင်မှ လတ်တလောဖြစ်ပေါ်နေသော COVID-19 ကူးစက် ရောဂါဖြစ်ပွားမှုရှိနေချိန်တွင် စားသောက်ကုန်ပြတ်လပ်ခြင်းမရှိဘဲ ဈေးနှုန်းတည်ငြိမ်ရေးအတွက် စီမံဆောင်ရွက်ခြင်း ဖြစ်ကြောင်း၊ မန္တလေးကုန်စည်ဒိုင်ပိတ်ရပါက အရောင်းအဝယ်ရပ်တန့်ခြင်းမရှိစေဘဲ ကုန်ပစ္စည်းပြတ်လပ်မှုမရှိရေး၊ ကုန်ဈေးနှုန်း

တည်ငြိမ်ရေးအတွက် ပြီးခဲ့သည့် မတ်၂၄ ရက် က အစည်းအဝေးကျင်းပခဲ့ရာ အဆိုပါအစည်းအဝေးတွင် ကုန်စည်ဒိုင်ဥက္ကဋ္ဌက အကြံပြုသဖြင့် ယနေ့မှစတင်၍ Viber မှတစ်ဆင့် တရားဝင်ဂရုဖွဲ့ကာ အိမ်မှာနေရင်း ဖုန်းဖြင့်အရောင်းအဝယ် စတင်လုပ်ကိုင်နိုင်ပြီဖြစ်ကြောင်းသိရသည်။

**Source:** https://news-eleven.com/article/167184

## မြန်မာနိုင်ငံတွင် လက်ခစားအပ်ကုန်စနစ် (CMP) ဖြင့် ရွှေဖြင့်ပြုလုပ်သည့် လက်ဝတ်ရတနာ အမျိုးမျိုးထုတ်လုပ်ရန် ရောက်ရှိလာသော ၁၄ ကရက်ရွှေများကို OSSC စင်တာတွင် စိစစ်တန်ဖိုးဖြတ်ခြင်း ပြုလုပ်




CMP စနစ်ဖြင့် ရွှေဖြင့်ပြုလုပ်သော လက်ဝတ်ရတနာ အမျိုးမျိုး ထုတ်လုပ်နိုင်ရေးအတွက် စိစစ်တန်ဖိုးဖြတ်ခြင်းဆိုင်ရာ လုပ်ငန်းညှိနှိုင်း အစည်းအဝေးတစ်ရပ်ကို မြန်မာ့ရွှေဖွံ့ဖြိုးတိုးတက်ရေးအသင်းရုံးရှိ OSSC စင်တာတွင် မတ် ၃၀ ရက်၌ ပြုလုပ်ခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှသိရသည်။

အစည်းအဝေးတွင် မြန်မာနိုင်ငံ၌ CMP စနစ်ဖြင့် ရွှေဖြင့် ပြုလုပ်သော လက်ဝတ်ရတနာအမျိုးမျိုးထုတ်လုပ်ရန်နှင့် လက်ခစား အပ်ကုန်စနစ် (CMP) ဖြင့် ရောက်ရှိလာသော ၁၄ ကရက်ရွှေ Rose Pink Gold များအား အရည်အသွေး စစ်ဆေးချိန်တွယ်ကာ စိစစ်တန်ဖိုးဖြတ်ခဲ့ကြောင်းသိရသည်။ လက်ခစားအပ်ကုန်စနစ်ဖြင့် ရွှေကို လက်ဝတ်ရတနာ အမျိုးမျိုးထုတ်လုပ်ခြင်း လုပ်ငန်းဆောင်ရွက်ရန် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC) ခွင့်ပြုချက်ဖြင့် သွင်းကုန်လိုင်စင် ရယူတင်သွင်းလာခြင်းဖြစ်သည့် ၁၄ ကာရက်ရှိ ရွှေများအား စိစစ်တန်ဖိုးဖြတ်ခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံတွင် လက်ခစားအပ်ကုန် စနစ် (CMP) ဖြင့် ရွှေဖြင့်ပြုလုပ်သော လက်ဝတ်ရတနာအမျိုးမျိုး ထုတ်လုပ်မည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်အသင်းက မတ် ၂၆ ရက်တွင် ထုတ်ပြန် ကြေညာခဲ့သည်။ မြန်မာနိုင်ငံတွင် CMP စနစ်ဖြင့် ရွှေနှင့် ငွေများဖြင့် ပြုလုပ်သော လက်ဝတ်ရတနာ အမျိုးမျိုး ထုတ်လုပ်ခြင်း လုပ်ကိုင်ရန်နှင့် CMP စနစ်ဖြင့် ရောက်ရှိလာသော ၁၄ က ရက်ရွှေ Rose Pink Gold အား One Stop Service Center (OSSC) ရှိ သက်ဆိုင်ရာ ဓာတ်ခွဲခန်းတွင် စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း မတ် ၂၆ ရက်၌ OSSC စင်တာတွင် ပြုလုပ်သည့် အစည်းအဝေးဆုံးဖြတ်ချက်အရ သိရသည်။ CMP စနစ်ဖြင့် ရွှေကို လက်ဝတ်ရတနာ အမျိုးမျိုး ထုတ်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်ရန် MIC (မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်) ခွင့်ပြုချက်ဖြင့် သွင်းကုန်လိုင်စင်ရယူ တင်သွင်းလာခြင်းဖြစ်ရာ စိစစ်တန်ဖိုးဖြတ်၍ အကောက်ခွန်ရှင်းလင်းရန် အခက်အခဲရှိကြောင်း စိစစ်တွေ့ရှိသဖြင့် အဆိုပါရွှေကို OSSC တွင် စမ်းသပ်စစ်ဆေး၍ စိစစ်တန်ဖိုးဖြတ်အဖွဲ့မှ စိစစ်တန်ဖိုးဖြတ်နိုင်ရန်နှင့် အဆိုပါကုမ္ပဏီမှ ထုတ်လုပ်ပြီး ပြန်လည်တင်ပို့မည့်ကိစ္စအပေါ် စိစစ်တန်ဖိုးဖြတ်နိုင်ရေး လုပ်ငန်းစဉ်များအား မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်းနှင့်ညှိနှိုင်း၍ ပြန်လည်တင်ပြနိုင်ရန် အကောက်ခွန် ဦးစီးဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။

မတ် ၂၆ ရက်နှင့် မတ် ၃၀ ရက်များတွင် OSSC စင်တာ၌ ပြုလုပ်သည့် အစည်းအဝေးသို့ သက်ဆိုင်ရာကုမ္ပဏီများ၊ မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်းမှတာဝန်ရှိသူများ၊ ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမျိုးမြင့်နှင့် သက်ဆိုင်ရာဌာနအသီးသီးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်းသိရသည်။ CMP စနစ်ဆိုသည်မှာ ကုန်ပစ္စည်းများကို လက်ခစားစနစ်ဖြင့် လုပ်ကိုင်ခြင်းဖြစ်သည်။

**Source:** https://news-eleven.com/article/167182

## သစ်သီးကားများကို ဝန်ဆောင်ခပြောင်းလဲကောက်ခံ

မူဆယ် ၁၀၅ မိုင်ကုန်သွယ်ရေးဇုန်ရှိ အရှေ့မြောက်တံခါးအများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် သစ်သီးရောင်းကွင်းအတွင်း ဝင်ရောက်ရောင်းချလျက်ရှိသည့် သစ်သီးကားများကို မတ်လ ၃၀ ရက်နေ့မှစတင်ကာ ဝန်ဆောင်ခပြောင်းလဲကောက်ခံလျက်ရှိကြောင်း ယင်းကုမ္ပဏီထံမှသိရသည်။ သစ်သီးကားဝန်ဆောင်ခကို ကားအမျိုးအစားခွဲခြားခြင်းမရှိဘဲကားတစ်စီးလျှင် ဝန်ထမ်းစရိတ်အဖြစ် တရုတ်ငွေယွမ် ၅၀ သာကောက်ခံမည်ဖြစ်ပြီး ယင်းသတ်မှတ်ချက်သည် ထပ်မံ၍ကြေညာချက် ထုတ်ပြန်ခြင်းမရှိသရွေ့ တည်မြဲသည်ဟုမှတ်ယူရမည်ဖြစ်ကြောင်း အရှေ့မြောက်တံခါးအများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်ထံမှသိရသည်။

"သစ်သီးရောင်းကွင်းကအဲဒီကွင်း တစ်ခုပဲရှိတာ။ ကွင်းကြေးဆိုတာအဲဒီမှာ သွားရောင်းလို့ပေးရတာ။ ဝန်ဆောင်မှုကတော့ ဆက်ရှိနေသေးတယ်။ ကုန်စည်ဒိုင်နဲ့ကုန်သည်တွေနဲ့ညှိပေးပြီး လျှော့ခိုင်းလိုက်တာ" ဟု သစ်သီးဝလံကုန်စည်ဒိုင် (မူဆယ် ၁၀၅ မိုင်) ဒုတိယဥက္ကဋ္ဌဦးစိုင်းခင်မောင်က ပြောကြားသည်။ ယခင်ကသစ်သီးကားဝန်ဆောင်ခကိုကားတစ်စီးလျှင် ယွမ် ၂၀၀ ကောက်ခံခြင်းဖြစ်ပြီး ကိုရိုနာဗိုင်းရပ်စ်အခြေအနေများကြောင့် ၅၀ ယွမ် လျှော့ချပေးလိုက်ခြင်းဖြစ်ကြောင်း ၎င်းကဆိုသည်။

"ဒီနေ့ (မတ်လ ၃၀ ရက်) မှာ မူဆယ် ၁၀၅ မိုင်ကျော်ပြီး ၁၁၂ မိုင်အထိ (တရုတ်-ဝမ်တိန်) မှာ ရောင်းနေရပါပြီ။ အခြေအနေအချိန်အခါအရ ရွေးချယ်စရာမရှိတော့ ဝယ်သူရှိတဲ့ဆီရောင်းသူသွားရမှာပါ။ ၈၅၅ ဖရဲစိမ်းစို လတ်ဆတ်မှုအရည်အသွေးအားနည်းရင် ကားခမရပါဘူး" ဟုဖရဲသခွားကုန်သည်တစ်ဦးကပြောကြားသည်။

Source : The Voice

https://news.ydnp.net/339126/

## မုံရွာကုန်စည်ဒိုင်အတွင်း ဖုန်းနှင့်အွန်လိုင်းစနစ်ဖြင့်သာ အရောင်းအဝယ်လုပ်မည်

COVID-19 ကြိုတင်ကာကွယ်သည့်အနေဖြင့် ဧပြီ ၁ ရက်မှ ၆ ရက်အထိ မုံရွာကုန်စည်ဒိုင်အတွင်း အရောင်းအဝယ်မပြုလုပ်ဘဲ ဖုန်း၊ အွန်လိုင်းစနစ်ဖြင့်သာ အရောင်းအဝယ်လုပ်ကြရန် မုံရွာကုန်စည်ဒိုင် ဗဟိုအလုပ်အမှုဆောင်အဖွဲ့က မေတ္တာရပ်ခံထားသည်။ "ကုန်စည်ဒိုင်ကို ဧပြီ ၁ ရက်ပိတ်မှာဖြစ်ပေမယ့် ကုန်သည်အများစုကတော့ ကုန်အရောင်းအဝယ်တွေကို မတ်လ ၃၀ ရက်ကတည်းက ပိတ်လိုက်၊ နားလိုက်ကြပြီ။ မန္တလေးကုန်စည်ဒိုင်လည်းပိတ်တော့ ကုန်အဝင်အထွက်တွေမရှိတော့ဘူး"ဟု မုံရွာမြို့ မြန်မာသိန်းပွဲရုံပိုင်ရှင် ဦးသိန်းဦးက ပြောသည်။

မတ် ၃၀ ရက်ကပြုလုပ်သောဗဟိုအလုပ်အမှုဆောင်အစည်းအဝေး ဆုံးဖြတ်ချက်ဖြင့် ဖုန်း၊ အွန်လိုင်းစနစ်ဖြင့် အရောင်းအဝယ်ပြုလုပ်ကြရန် မုံရွာကုန်စည်ဒိုင် အသင်းသူ အသင်းသားများအား မေတ္တာရပ်ခံထားခြင်းဖြစ်သည်။

မတ်၂၅ ရက်က ပိတ်ခဲ့သော မုံရွာကုန်စည်ဒိုင်ကို တောင်သူများနှင့် အသင်းသားများ အရောင်းအဝယ်ပြုလုပ်ရာတွင် အဆင်ပြေလွယ်ကူစေရေး၊ ကုန်စည်စီးဆင်းမှုမှန်ကန်စေရေးနှင့် ကုန်ဈေးနှုန်းဈေးကွက် အမှန်ရရှိရေးတို့အတွက်ဟုဆိုကာ မတ်၂၆ ရက်နေ့တွင် ပြန်လည်ဖွင့်လှစ်ခဲ့သည်။

မုံရွာကုန်စည်ဒိုင်သို့ နိုင်ငံခြားသားဝင်ရောက်မှု အခြေအနေကို မတ် ၁၇ ရက်မှစ၍ ယာယီပိတ်ထားသည်။

**Source:** https://myanmar.mmtimes.com/news/137740.html

**The Myanmar Times**

## ကိုရိုနာဗိုင်းရပ်စ်ကြောင့် အမေရိကန်နိုင်ငံ၏ စီးပွားရေးယန္တရားများ ဆိုးဝါးစွာထိခိုက်နေ

အမေရိကန်နိုင်ငံမှာ ကိုရိုနာဗိုင်းရပ်စ်ကြောင့် စီးပွားရေးယန္တရားတွေဟာ ဆိုးဝါးစွာထိခိုက်မှုတွေကြုံတွေ့နေရတယ်ဆိုတာကို မတ်လ(၃၁)ရက် CNN Business စာမျက်နှာမှာ ဆောင်းပါးတစ်ပုဒ်က သုံးသပ်ပြထားပါတယ်။ အမေရိကန်နိုင်ငံရဲ့ စီးပွားရေးအဆောက်အုံဟာ မကြုံစဖူးအတော်ကြီးကိုထိခိုက်နစ်နေပြီဖြစ်ပြီး၊ လုပ်ငန်းခွင်တွေမှာ လုပ်သား

ဦးရေတွေကိုလျှော့ချပစ်လို့ အလုပ်သမားတွေအလုပ်ပြုတ်တာတွေ၊ ဘဏ်တွေမှာလည်း အပေါင်ကိစ္စရပ်တွေ၊ ချေးငွေကိစ္စရပ်တွေနဲ့ လုံးပန်းရှုပ်ထွေးနေရတယ်လို့ ဆိုထားပါတယ်။ ဒါ့အပြင် မြို့တွေရဲ့စည်ကားတဲ့နေရာတွေမှာလည်း အသွားအလာတွေမရှိတော့လို့ တိတ်ဆိတ်ခြောက်ကပ်နေပါတယ်။ ဈေးအဝယ်စင်တာတွေပိတ်ထားရပြီး၊ ဘားဆိုင်တွေဟာလည်း လူရှင်းနေသလိုသယ်ယူပို့ဆောင်ရေး လေယာဉ်တွေဟာလည်း မြေပြင်မှာ ဒီအတိုင်းပဲ ဆိုက်ကပ်ထားရတယ်လို့ဆိုပါတယ်။ ရုတ်တရက်ဆိုသလိုနိုင်ငံရဲ့စီးပွားရေးယန္တရားဟာ တန့်သွားတာကြောင့် Goldman Sachs ရဲ့ စီးပွားရေးပညာရှင်တွေကတော့ အခုနှစ်ပထမသုံးလပတ်နိုင်ငံရဲ့ GDP ဟာ (၉)ရာခိုင်နှုန်းကျဆင်းမယ်လို့ခန့်မှန်းပေးထားကြပြီး၊ ဒုတိယသုံးလပတ်အတွင်းမှာ (၃၄)ရာခိုင်နှုန်းအထိကို အံ့သြသင့်ဖွယ်ထိုးကျသွားနိုင်ကာ တတိယသုံးလပတ်ရောက်မှသာ (၁၉)ရခိုင်နှုန်းပြန်လည်တက်လာနိုင်တယ်လို့ခန့်မှန်းထားကြပါတယ်။ ဒါ့ပြင် အခုနှစ်လယ်ပိုင်းမှာ အမေရိကန်နိုင်ငံရဲ့ အလုပ်လက်မဲ့နှုန်းဟာ (၁၅)ရာခိုင်နှုန်းအထိ ဖြစ်လာနိုင်တယ်လို့လည်း Goldman Sachs ရဲ့ စီးပွားရေးပညာရှင်တွေက ခန့်မှန်းထားကြပါတယ်။

အခုရက်သတ္တပတ်အတွင်း လုပ်သားအင်အား သန်းနဲ့ချီ အလုပ်ပြုတ်ကျမယ့်အလားအလာရှိနေပြီး ၊ Moody Analyticsမ မှ စီးပွားရေးပညာရှင်တွေကတော့ အခုရက်သတ္တပတ်ထဲမှာ အလုပ်သမားဦးရေ (၄.၅)သန်းဟာ သူတို့အလုပ်ပြုတ်တဲ့အတွက်နစ်နာကြေးရလိုကြောင်း တရားစွဲဆိုမှုတွေရှိလိမ့်မယ်လို့ ခန့်မှန်းပေးထားပါတယ်။ ဒါဟာ သမိုင်းတလျှောက် အမြင့်ဆုံးအရေအတွက် ဖြစ်လိမ့်မယ်လို့လည်း ဆိုထားပါတယ်။

လက်ရှိဖြစ်ပေါ်နေတဲ့ အခြေအနေအရပ်ရပ်တွေဟာ အမြန်ဆုံးနဲ့ အထိရောက်ဆုံး ထိန်းညှိပေးဖို့ အရေးတကြီးလိုအပ်နေပြီး၊ အမေရိကန်အစိုးရအနေနဲ့ကလည်း အရေးတကြီးအကူအညီလိုအပ်နေတဲ့ အသေးစားလုပ်ငန်းရှင်တွေအတွက် ချေးငွေထုတ်ပေးတာတွေအပါအဝင် အခြားကူညီမှုတွေကို အကောင်အထည်ဖော်ဆောင်ရွက်နေပါတယ်။ နိုင်ငံရဲ့စတော့ဈေးကွက်အခြေအနေတွေဘက်ကို လှည့်ကြည့်လိုက်မယ်ဆိုပါကလည်း ရက်သတ္တပတ် (၇)ပတ်အတွင်းမှာ စံချိန်တင်ကျဆင်းမှုတွေကိုမြင်တွေ့ရပါတယ်။ အဆိုးဆုံးအနေနဲ့ကတော့ Dow စတော့ ဈေးကွက်ဟာ (၃၀)ရာခိုင်နှုန်းကျော် ကျဆင်းသွားခဲ့တာဖြစ်တယ်လို့သုံးသပ်ရေးသားထားပါတယ်။ ။

**Source photo : CNN**

https://www.facebook.com/onenewsmyan/

## COVID–19 ၏ ဆိုးရွားသောဂယက်ရိုက်ခတ်မှုများကို ကြံ့ကြံ့ခံနိုင်မှုရှိစေရေးအတွက် စင်ကာပူဒေါ်လာ ၄၈.၄ ဘီလီယံတန်ဖိုးရှိသော ဒုတိယအစီအမံဖြင့်တုံ့ပြန်ဆောင်ရွက်မည်

COVID–19 ရောဂါဖြစ်ပွားမှုကြောင့် ယခင်ကကြုံတွေ့ခဲ့ရခြင်းမရှိခဲ့သည့် ဆိုးဝါးသောဘေးကျပ်နံကျပ်ကာလကို ရင်ဆိုင်နေရသည့်အတွက် စီးပွားရေးလုပ်ငန်းများ၊ လုပ်သားများနှင့် အိမ်ထောင်စုများကို အထောက်အကူပြုပေးနိုင်ရန်အတွက် စင်ကာပူဒေါ်လာ ၄၈.၄ ဘီလီယံ တန်ဖိုးရှိသော သမိုင်းမှတ်တမ်းတင်ရမည့် နောက်ထပ်အစီအမံတစ်ခုကို ဒုတိယဝန်ကြီးချုပ်နှင့် ဘဏ္ဍာရေးဝန်ကြီးဌာနဝန်ကြီးဖြစ်သူ Mr Heng Swee Keat က ပါလီမန်တွင် ၂၆ – ၃ – ၂၀၂၀ ရက်နေ့၌ တင်ပြဆွေးနွေးခဲ့ကြောင်း သိရှိရပါသည်။

စင်ကာပူသည် COVID – 19 ကြောင့် စီးပွားရေးအပေါ် ထိခိုက်မှုဖြစ်ပေါ်လာသော အခြေ အနေများကို ကုစားနိုင်ရန် စင်ကာပူဒေါ်လာ ၆.၄ ဘီလီယံတန်ဖိုးရှိသောအစီအမံ (စီးပွားရေးလုပ်ငန်းများနှင့် လုပ်သားများကို အထောက်အကူပြုနိုင်ရန်အတွက် စင်ကာပူဒေါ်လာ ၄ ဘီလီယံ၊ ဤကာလအတွင်း အိမ်ထောင်စုများ၏ နေထိုင်စားသောက်မှုစရိတ်အပေါ် အထောက်အပံ့ပြုပေးနိုင်ရန်အတွက် စင်ကာပူဒေါ်လာ ၁.၆ ဘီလီယံနှင့် ရောဂါဖြစ်ပွားမှုကို ရှေ့တန်းမှ အဓိကတားဆီး ကာကွယ်ပေးနေကြသော ဌာန/အဖွဲ့အစည်းများအတွက် စင်ကာပူဒေါ်လာ သန်း ၈၀၀ တို့ကို ရန်ပုံငွေခွဲဝေချထားခဲ့သည့် အစီအမံ) ဖြင့် ပထမအကြိမ် စီမံဆောင်ရွက်ခဲ့ပါသည်။ သို့ပါ၍ ပထမအကြိမ်နှင့် ဒုတိယအကြိမ် နှစ်ခုပေါင်း စုစုပေါင်း စင်ကာပူဒေါ်လာ ၅၅ ဘီလီယံခန့် (GDP ၏ ၁၁ ရာခိုင်နှုန်း) ရှိသောအစီအမံများဖြင့် ပြင်းထန်စွာရိုက်ခတ်လျက်ရှိသည့်အခြေအနေများအပေါ် ဒူပေနာပေခံနိုင်မှုရှိစေရန် တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

စင်ကာပူဒေါ်လာ ၄၈.၄ ဘီလီယံ တန်ဖိုးရှိသော အစီအမံကြောင့် ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ဘတ်ဂျက်လိုငွေ စင်ကာပူဒေါ်လာ ၃၉.၂ ဘီလီယံ (GDP ၏ ၇.၉ ရာခိုင်နှုန်း) ပေါ်ပေါက်မည်ဖြစ်ပြီး၊ အဆိုပါအစီအမံအတွက် ယခင်အရန်ရန်ပုံငွေမှ စင်ကာပူဒေါ်လာ ၁၇ ဘီလီယံကို ထုတ်ယူသုံးစွဲ ရမည်ဖြစ်ကြောင်း၊ ဤသို့ နိုင်ငံတော်၏အရန်ရန်ပုံငွေများကို ထုတ်ယူသုံးစွဲ ရသည့်အခြေအနေမှာ ၂၀၀၉ ခုနှစ် ကမ္ဘာ့ငွေရေးကြေးရေးအကျပ်အတည်းကာလ၌ စင်ကာပူဒေါ်လာ ၄.၉ ဘီလီယံကို ပထမဆုံးအကြိမ်အဖြစ် ထုတ်ယူသုံးစွဲခဲ့ရပြီး၊ ယခုအခါ ဒုတိယအကြိမ် ထုတ်ယူသုံးစွဲရမည့်အခြေအနေဖြစ်ပေါ်လာကြောင်း၊ ယခု ဒုတိယအစီအမံသည် ၂၀၂၀ ဘဏ္ဍာရေးနှစ် အစိုးရဘတ်ဂျက် စုစုပေါင်းဖြစ်သော စင်ကာပူဒေါ်လာ ၁၀၆ ဘီလီယံ၏ တစ်ဝက်နီးပါးနှင့် ၂၀၀၉ ခုနှစ်ဘတ်ဂျက်တွင် စီးပွားရေးဒူပေနာပေခံနိုင်မှုရှိစေရန် ဆောင်ရွက်ခဲ့ရသည့် စင်ကာပူဒေါ်လာ ၂၀.၅ ဘီလီယံတန်ဖိုး ရှိသော အစီအမံထက် နှစ်ဆကျော်ပါကြောင်း၊ ယခုအစီအမံသည် ပထမအကြိမ် ဆောင်ရွက်ခဲ့သည့် အစီအမံတွင် ပါရှိပြီးသော အစီအစဉ်များကို ပိုမိုတိုးချဲ့ထောက်ပံ့ပေးမှုများပြုလုပ်ခဲ့ပြီး၊ ထူးခြားမှုအနေဖြင့် ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သောသူများနှင့် ဤကာလအတွင်း အလုပ်အကိုင်ဆုံးရှုံးရသော လုပ်သားများအတွက် ထောက်ပံ့ပေးမည့်အစီအစဉ်များကို ထည့်သွင်းခဲ့ကြောင်းနှင့် ယင်းအစီအမံနှင့် စပ်လျဉ်း၍ လာမည့် ဧပြီလ ၆ ရက်နေ့တွင် ပါလီမန်၌ အချေအတင်ဆွေးနွေးမှုများကို ပြုလုပ်သွားမည်ဖြစ်ကြောင်းသိရှိရပါသည်။

Source: Singapore Budget, The Straits Times

**စီးပွားရေးသံမှူး၊ မြန်မာသံရုံး-စင်ကာပူမြို့**

## စင်ကာပူငွေကြေးကြီးကြပ်မှုအာဏာပိုင်က ဘဏ်များသို့ အမေရိကန်ဒေါ်လာငွေ ထုတ်ချေးမည်

စင်ကာပူငွေကြေးကြီးကြပ်မှုအာဏာပိုင်သည် MAS USD Facility အစီအစဉ်မှတစ်ဆင့် စင်ကာပူရှိ ဘဏ်များသို့ အမေရိကန်ဒေါ်လာ ၆၀ ဘီလီယံအထိ ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း ၂၆ – ၃ – ၂၀၂၀ ရက်နေ့တွင် သတင်းထုတ်ပြန်ထားပါသည်။ အဆိုပါအစီအစဉ်သည် စင်ကာပူတွင် အမေရိကန်ဒေါ်လာငွေကြေးထောက်ပံ့ပေးမှုများအတွက် ပိုမိုတည်ငြိမ်မှုရှိစေပြီး၊ စင်ကာပူနှင့် ဒေသ တွင်းရှိ စီးပွားရေးလုပ်ငန်းများသို့ အမေရိကန်ဒေါ်လာငွေကြေး ထုတ်ချေးပေးမှုများကို အထောက်အကူပြုမည်ဖြစ်ကြောင်း၊ ငွေရေးကြေးရေးဈေးကွက်များ တည်ငြိမ်စွာပုံမှန်လည်ပတ်လာစေရေးအတွက် ဗဟိုဘဏ်များ၏ ကြိုးပမ်းအားထုတ်မှုများအပေါ်လည်း အထောက်အပံ့ပြုနိုင်ကြောင်း သိရှိရပါသည်။

စင်ကာပူငွေကြေးကြီးကြပ်မှုအာဏာပိုင်သည် ၁၉ – ၃ –၂၀၂၀ ရက်နေ့တွင် ၎င်းနှင့် အမေရိကန်ဗဟိုဘဏ် (Federal Reserve) တို့အကြား ထုတ်ပြန်ကြေညာခဲ့သည့် အမေရိကန် ဒေါ်လာ ၆၀ ဘီလီယံ SWAP Facility အစီအစဉ်မှတစ်ဆင့် စင်ကာပူဒေါ်လာနှင့် လဲလှယ်ထားသော အမေရိကန်ဒေါ်လာငွေကြေးကိုရရှိမည်ဖြစ်ပါသည်။ ထိုသို့ ရရှိမည့်အမေရိကန် ဒေါ်လာကို လေလံစနစ်ဖြင့် စင်ကာပူရှိ ဘဏ်များသို့ ထုတ်ချေးပေးမည်ဖြစ်ပြီး၊ ပထမဆုံးလေလံပွဲကို ၂၇– ၃ – ၂၀၂၀ ရက်နေ့တွင် ပြုလုပ်၍ (၇)ရက် ရန်ပုံငွေ အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံကို ကမ်းလှမ်းပေးခဲ့ကြောင်း၊ နောက်ထပ် (၇)ရက် ရန်ပုံငွေ အမေရိကန်ဒေါ်လာ ၁၂ ဘီလီယံနှင့် (၈၄) ရက် ရန်ပုံငွေ အမေရိကန်ဒေါ်လာ ၈ ဘီလီယံ လေလံအစီအစဉ် (၂) ခုကို ၃၀-၃-၂၀၂၀ ရက်နေ့တွင် ပြုလုပ် ပေးသွားမည်ဖြစ်ကြောင်းနှင့် ယင်းလေလံပွဲများပြီးဆုံးပါက အပတ်စဉ်တနင်္လာနေ့တိုင်း လေလံပွဲ များကို ပုံမှန်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

သတင်းရင်းမြစ် ။ ။ Press Release, Monetary Authority of Singapore,

**စီးပွားရေးသံမှူး၊ မြန်မာသံရုံး-စင်ကာပူမြို့**

## ၂၀၂၀ ပြည့်နှစ်မှစတင်၍ ပို့ကုန်သွင်းကုန်များ တည်ငြိမ်မှုမရှိဘဲကျဆင်းလာခြင်း

ကိုရိုနာဗိုင်းရပ်စ် အဆုတ်ရောင်ရောဂါ (Covid-19) ကူးစက်ပျံ့နှံ့မှုကြောင့် ဟောင်ကောင် ဒေသ၏ ကုန်သွယ်ရေးကို အကြီးအကျယ်ပျက်စီးစေခဲ့ရာ ၂၀၂၀ ပြည့်နှစ်၊ ပထမ (၂) လအတွင်း ပို့ကုန် (၁၂) ရာခိုင်နှုန်း နှင့် သွင်းကုန် (၉.၃) ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး ကုန်သွယ်မှု လိုငွေ ကုန်သွယ်မှုလိုငွေ ဟောင်ကောင်ဒေါ်လာ (၆၉.၁) ဘီလီယံရှိကြောင်း၊ ဟောင်ကောင်၏ ပို့ကုန်မှာ မကြာမီကာလအထိ ဆက်လက်နည်းနေမည်ဖြစ်ကြောင်း၊ ၂၀၁၈ ခုနှစ်ကစတင် ဖြစ်ပွားခဲ့သည့် တရုတ်-အမေရိကန်

ကုန်သွယ်ရေးစစ်ပွဲကြောင့် ဟောင်ကောင်၏ ပို့ကုန်မှာ သိသာစွာ ကျဆင်းခဲ့ပြီး ၂၀၁၉ ခုနှစ်တွင် (၄.၁) ရာခိုင်နှုန်းရှိခဲ့ပြီး ၂၀၂၀ ပြည့်နှစ်တွင် ထပ်မံ၍ (၂) ရာခိုင်နှုန်းကျဆင်းမည်ဟု ဟောင်ကောင်ကုန်သွယ်ဖွံ့ဖြိုးတိုးတက်ရေး ကောင်စီ (HKTDC) က ခန့်မှန်းထားကြောင်း၊ ဟောင်ကောင်ဒေသသည် တရုတ်နိုင်ငံမှထုတ်လုပ်သည့်ကုန်ပစ္စည်းများ အများဆုံးတင်ပို့သည့် နေရာဖြစ်ကြောင်း၊ ကိုရိုနာဗိုင်းရပ်စ်ရောဂါကြောင့် တရုတ်၊ ဂျပန်နှင့် ကိုရီးယားနိုင်ငံတို့ရှိ ထုတ်လုပ်မှုလုပ်ငန်းများနှင့် တန်ဖိုးကွင်းဆက်တစ်ခုလုံးကို ပြင်းထန်စွာရိုက်ခတ်လျှက်ရှိကြောင်း၊ ဥရောပ၏စီးပွားရေးမှာ ယခုနှစ်အတွင်း ကျဆင်းမည် ဖြစ်ကြောင်း၊ သို့ဖြစ်ရာတရုတ်နှင့် အမေရိကန်နိုင်ငံတို့အကြား စီးပွားရေးအင်အားကြီး နှစ်နိုင်ငံအနေဖြင့် ကမ္ဘာ့စီးပွားရေး ကျဆင်းမှုကို တားဆီးနိုင်အောင် ပူးပေါင်းဆောင်ရွက်ရန် ကောင်းမွန်သည့် အခြေအနေဖြစ်ကြောင်း၊ မကြာမီလအနည်းငယ် အတွင်း ကမ္ဘာ့ဝယ်လိုအားမှာ အမှန်တစ်ကယ်လိုအပ်သည့်ပစ္စည်းများကိုသာ ဝယ်ယူကြမည်ဖြစ်ပြီး ဈေးကြီးသည့် အပိုအသုံး အဆောင်ပစ္စည်းများအား ဝယ်ယူတော့မည်မဟုတ်ကြောင်း၊ လာမည့်လများအတွင်း တရုတ်စက်ရုံများမှ ပစ္စည်း များကို ဝယ်ယူမှုများကျဆင်းမည်ဖြစ်ပြီး ဟောင်ကောင်ဒေသအပေါ်လည်း သက်ရောက်မည်မှာ မလွဲကေန်ဖြစ်ကြောင်း၊ ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလအတွင်း ဟောင်ကောင်ဒေသ၏ ပို့ကုန်မှာ တရုတ်ပြည်မကြီး မှ (၇.၉) ရာခိုင်နှုန်း၊ အမေရိကန်မှ (၂၆.၄) ရာခိုင်နှုန်း၊ ဂျပန်နိုင်ငံမှ (၂၄.၂) ရာခိုင်နှုန်းနှင့် ဂျာမနီနိုင်ငံမှ (၂၂.၃) ရာခိုင်နှုန်းအသီးသီးလျော့ကျခဲ့ကြောင်း၊(၂) လအတွင်း ကုန်ပစ္စည်း အမျိုးအစားများအနေဖြင့် ကျောက်မျက်လက်ဝတ်ရတနာ၊ ရွှေနှင့်ငွေထည်ပစ္စည်းများ (၂၀.၁) ရာခိုင်နှုန်းကျဆင်းခဲ့ပြီး ဆက်သွယ် ရေး၊ အသံဖမ်းစက်နှင့်ထုတ်လုပ်ရေးပစ္စည်းကိရိယာများမှာ (၂၀) ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၂၇ ရက် နေ့ထုတ် South China Morning Post သတင်းစာ၌ Denise Tsang က " Import, Exports slumps in shaky start to 2020" ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားပါသည်။

**စီးပွားရေးသံမှူး၊ မြန်မာသံရုံး-ဟောင်ကောင်**

## တရုတ်ပြည်မကြီးရှိ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်း (၇၂) ရာခိုင်နှုန်းမှာ လုပ်ငန်းများ ပြန်လည်လုပ်ကိုင်လျှက် ရှိပြီး ဒစ်ဂျစ်တယ်လ်စနစ်ဖြင့်ဆောင်ရွက်ရန် တွန်းအားပေးလျှက်ရှိခြင်း

တရုတ်ပြည်မကြီးရှိ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ (SMEs) မှာ နည်းပညာပိုင်းဆိုင်ရာ မြှင့်တင်ရန် အစိုးရ၏ ကူညီပံ့ပိုးမှုဖြင့် မတ်လမှစတင်၍ လျှင်မြန်သည့်နှုန်းဖြင့် ဆောင်ရွက်လျှက်ရှိကြောင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ စက်မှုနှင့်သတင်းအချက်အလက်ဝန်ကြီးဌာန (Ministry of Industry and Information Technology– MIIT) က ပြောကြားကြောင်း၊ SMEs လုပ်ငန်းများမှ (၇၁.၇) ရာခိုင်နှုန်းမှာ cloud-based platform ဖြင့် ထုတ်လုပ်မှုဆောင်ရွက်ရာ (၂၉.၆) ရာခိုင်နှုန်းရှိကြောင်း၊ ထုလုပ်မှုများတွင် ပူးပေါင်းဆောင်ရွက်ရန်နှင့် ဆုံးရှုံးနိုင်ခြေရှိသော စွန့်စားမှုများအား ကာကွယ်ရန်၊ တန်ဖိုးကွင်းဆက်ထုတ်မှုများ လုံခြုံစိတ်ချစေရန်နှင့် အလားအလာရှိသော အဓိကလုပ်ငန်းများအား ထိခိုက်မှုမရှိစေအောင် Industrial internet Platforms မှလည်း စီးပွားရေးလုပ်ငန်းများ ပြန်လည်စတင်နိုင်အောင် ကူညီပံ့ပိုးလျှက်ရှိကြောင်း၊ အချို့လုပ်ငန်းများမှာ cloud-based platform အား အွန်လိုင်းမှအဝေးထိန်းစနစ်ဖြင့်အလုပ်လုပ်ခြင်း၊ အွန်လိုင်းမှသင်တန်းများ ပို့ချခြင်း၊ သုတေသနလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ခြင်းနှင့် e-commerce လုပ်ငန်းများ ဆောင်ရွက်ခြင်းတို့လုပ်ကိုင်လျှက် ရှိကြောင်း၊ အလုပ်သမားအများအပြား လုပ်ကိုင်လျှက်ရှိသည့် တရုတ်ပြည်မကြီးရှိ အသေးစားစက်ရုံနှင့်စီးပွားရေး လုပ်ငန်းများ အနေဖြင့် လုပ်ငန်းများပုံမှန်ပြန်လည်လုပ်ကိုင်ရန်မှာ စီးပွားရေးလုပ်ငန်းကြီးများထက် ပိုမိုခက်ခဲလျှက်ရှိကြောင်း၊ အသေးစား လုပ်ငန်းများမှာ အလုပ်သမားများအတွက် Mask အလုံအလောက်မရှိသောကြောင့် ဗိုင်းရပ်စ်ကာကွယ်နိုင်ရန် ပြည်နယ်အစိုးရမှ ချမှတ်ထားမှုအား အပြည့်အဝ လိုက်နာနိုင်မှုမရှိသည်ကို တွေ့ရကြောင်း၊ SMEs လုပ်ငန်းများ မြန်မြန်လည်ပတ်နိုင်အောင် အဝေးထိန်းစနစ်ဖြင့် လုပ်ငန်းများလုပ်ကိုင်ရန်၊ ထုတ်လုပ်မှုလုပ်ငန်းများသာမက ဝန်ဆောင်မှု လုပ်ငန်းများ၌ပါ cloud-based platform အသုံးပြုရန် MIIT မှ SMEs လုပ်ငန်းများအား တိုက်တွန်းပြောကြားခဲ့ကြောင်း၊ SMEs လုပ်ငန်းများအတွက် နည်းပညာပိုင်းဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာကျွမ်းကျင်မှုအတွက် အစိုးရမှချမှတ်ထားသည့်မူဝါဒများအား သင်ယူနိုင်ရန် သင်တန်း (၃၇၀) ကျော်အား အွန်လိုင်းမှပို့ချရန်ရှိကြောင်း၊ အဆိုပါသင်တန်းများအား ဝင်ရောက်ကြည့်ရှုသည့် အကြိမ်ပေါင်း (၈) မီလီယံကျော်ရှိကြောင်း၊ တရုတ်နိုင်ငံတွင် အွန်လိုင်းမှသင်တန်းများပို့ချခြင်းနှင့်အဝေးထိန်းစနစ်ဖြင့် အလုပ်လုပ်ခြင်းမှာ

လွန်ခဲ့သောနှစ်အနည်းအတွင်းမှစတင်၍ ဆောင်ရွက်ခဲ့ကြောင်း၊ ၂၀၁၉ ခုနှစ်၊ စတုတ္ထလေးလပတ်တွင် (၆၆.၉) ရာခိုင်နှုန်းရှိကြောင်း၊ Allibaba Group Holdings မှ Allibaba cloud ဖြင့် လုပ်ငန်း ဆောင်ရွက်မှု (၄၆.၆) ရာခိုင်နှုန်းနှင့် Tencent Cloud မှ (၁၈ ) ရာခိုင်နှုန်းနှင့် Baidu's AI cloud မှ (၈.၈) ရာခိုင်နှုန်းရှိကြောင်း ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၂၆ ရက်နေ့တွင် ထုတ်ဝေသော South China Morning Post သတင်းစာတွင် "Almost 72 per cent of Chinese SMEs have resumed work amid push to digitize businesses, ministry says" ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားသည့် သတင်းအားတင်ပြအပ်ပါသည်။

**စီးပွားရေးသံမှူး၊ မြန်မာသံရုံး-ဟောင်ကောင်**

## ၂၀၂၀ ပြည့်နှစ်အတွက် ဂျပန်နိုင်ငံ၏ ဘတ်ဂျက်လျာထားမှု အများဆုံးဖြင့် စံချိန်တင်ခဲ့

၂၀၂၀ ပြည့်နှစ်အတွက်အသုံးပြုရန် အများဆုံးဘတ်ဂျက်ဆိုင်ရာ ဥပဒေ (မူကြမ်း)ကို ဂျပန်လွှတ်တော်က အတည်ပြုလိုက်ပြီးဖြစ်ကြောင်း ထုတ်ပြန်ခဲ့ပါသည်။ ၂၀၂၀၊ ဧပြီလတွင်စတင်မည့် ဘဏ္ဍာရေးနှစ်အတွက် ဘတ်ဂျက်ကို ဂျပန် အထက်လွှတ်တော်က မတ်လ ၂၇ ရက်နေ့တွင် အတည်ပြုခဲ့ပါသည်။ အာဏာရ လစ်ဘရယ်ဒီမိုကရက်တစ်ပါတီ၊ မဟာမိတ်ခိုးမေးတိုးပါတီနှင့် အခြားသောပါတီများ၏ ထောက်ခံမဲများဖြင့် အတည်ပြုခဲ့ခြင်းဖြစ်ပါကြောင်း၊ စုစုပေါင်းဘတ်ဂျက်အသုံးစရိတ်သည် အမေရိကန်ဒေါ်လာ ၉၄၀ ဘီလီယံခန့်ရှိကြောင်းသိရပါသည်။

လစ်ဘရယ်ဒီမိုကရက်တစ်ပါတီဝင် Mr. Takamaro Fukuoka က အဆိုပါဘတ်ဂျက်သည် ကိုရိုနာဗိုင်းရပ်စ် တိုက်ဖျက်ရေး ဆောင်ရွက်ချက်များအတွက် အခြေခံအုတ်မြစ်အဖြစ် ဆောင်ရွက်မည်ဖြစ်သဖြင့် မြန်မြန်ဆန်ဆန်အတည်ပြုဆောင်ရွက်သင့်ပါကြောင်း ထောက်ပြပြောဆိုခဲ့ပါသည်။ အတိုက်အခံအမတ်ဖြစ်သူ Mr. Hiroyuki Nagahama ကမူ ကိုရိုနာဗိုင်းရပ်စ်တိုက်ဖျက်ရေး အရေးယူဆောင်ရွက်ချက်များအတွက် ရန်ပုံငွေမပါဝင်သဖြင့် ကန့်ကွက်ကြောင်း ပြောဆိုခဲ့ပါသည်။

စံချိန်တင်များပြားသည့် အဆိုပါဘတ်ဂျက်တွင် အခမဲ့အဆင့်မြင့်ပညာရေးဆောင်ရွက်ရန်၊ စီးပွားရေးပိုင်းတိုးမြှင့်ဆောင်ရွက်ရေးပံ့ပိုးဆောင်ရွက်မှုများအတွက် သုံးစွဲမည့်စရိတ်များပါဝင်ကြောင်း၊ ကိုရိုနာဗိုင်းရပ်စ်ပြန့်ပွားမှုအပေါ်တုံ့ပြန်မည့် နောက်ဆက်တွဲဆောင်ရွက်ချက်များအတွက် သုံးစွဲမည့်ဖြည့်စွက်ဘတ်ဂျက်ကို အစိုးရက ပြင်ဆင်ဆောင်ရွက်ရန်စီစဉ်နေကြောင်း သိရပါသည်။

**Source: စီးပွားရေးသံမှူး၊ မြန်မာသံရုံး-ဂျပန်**

## နိုင်ငံ ၁၁ နိုင်ငံဆိုင်ရာဗီဇာများ ဂျပန်ဖျက်သိမ်းခဲ့

ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါကြောင့် အရှေ့တောင်အာရှ၊ အရှေ့အလယ်ပိုင်းဒေသနှင့် အာဖရိကကနိုင်ငံ ၁၁ နိုင်ငံအတွက် ထုတ်ပေးထားသော ဗီဇာများအား ဖျက်သိမ်းရန် မတ်လ ၂၇ ရက်နေ့က ဂျပန်အစိုးရကဆုံးဖြတ်ခဲ့ပါသည်။ အင်ဒိုနီးရှား၊ စင်ကာပူ၊ ထိုင်း၊ ဖိလစ်ပိုင်၊ ဘရူနိုင်း၊ ဗီယက်နမ်၊ မလေးရှား၊ အစ္စရေး၊ ကာတာ၊ ဘားရိန်းနှင့် ကွန်ဂိုဒီမိုကရက်တစ် သမ္မတ နိုင်ငံများတွင်ရှိသော ဂျပန်သံရုံးများမှ ထုတ်ပေးထားသည့် ဗီဇာပေါင်း ၇၅၀,၀၀၀ ခန့်သည် မတ်လ ၂၈ ရက်နေ့မှစ၍ အကျုံးမဝင်တော့ကြောင်းသိရပါသည်။

တရုတ်၊ တောင်ကိုရီးယား၊ အီရန်၊ အီဂျစ်နှင့် ဥရောပနိုင်ငံ အများစုအပါအဝင် နိုင်ငံပေါင်း ၄၀ တို့တွင် ထုတ်ပေးခဲ့သော ဗီဇာများကိုလည်း ဂျပန်အစိုးရက ပယ်ဖျက်ခဲ့ပြီးဖြစ်ပါသည်။ တရုတ်နှင့်တောင်ကိုရီးယားတို့တွင် ထုတ်ပေးခဲ့သည့် ဗီဇာများအား မတ်လကုန်အထိသာဖျက်သိမ်းရန် မူလကစီစဉ်ထားခဲ့သော်လည်း ယခုအခါ ဧပြီလကုန်အထိ တိုးမြှင့်ကျင့်သုံးရန်ကို ဂျပန်အစိုးရက ဆုံးဖြတ်ခဲ့ကြောင်းသိရပါသည်။

**Source: စီးပွားရေးသံမှူး၊ မြန်မာသံရုံး- ဂျပန်**

# STOCK EXCHANGE (1.4.2020)

*(၁.၄.၂၀၂၀ ရက်သည် ဘဏ်ပိတ်ရက်ဖြစ်ပါ၍ အပြောင်းအလဲမရှိပါ)

YANGON STOCK EXCHANGE

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

## Stock trading data

As of 31st Mar. 2020

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 10,000 | +0 | +0.00% | 10,000 | 10,000 | 10,000 | 1,179 | 11,790,000 | 27,112,747 | 271,127 |
| MTSH | 00002 | 3,500 | +0 | +0.00% | 3,500 | 3,500 | 3,450 | 2,309 | 7,989,100 | 38,929,150 | 136,252 |
| MCB | 00003 | 7,700 | +0 | +0.00% | 7,700 | 7,700 | 7,700 | 0 | 0 | 10,400,986 | 80,088 |
| FPB | 00004 | 21,000 | +0 | +0.00% | 21,000 | 21,000 | 21,000 | 256 | 5,376,000 | 2,472,053 | 51,913 |
| TMH | 00005 | 2,700 | +100 | +3.85% | 2,600 | 2,700 | 2,600 | 414 | 1,078,500 | 12,823,224 | 34,623 |

Activate Windows

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 419.19 | +0.94 | +0.22% | 418.25 | 419.19 | 417.30 | 4,158 | 26,233,600 | 5 | 574,003 |

**Index chart**




## Market Overview

As of 1:00 pm, 31st Mar. 2020

| MYANPIX | 419.19 |
|---|---|
| | ▲ 0.94 |
| Total Volume (shares) | 4,158 |
| Total Value (MMK) | 26 mil |
| Listed Company | 5 |
| Market Cap. (MMK) | 574,003 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 10,000 | ▲ 0 |
| MTSH | 00002 | 3,500 | ▲ 0 |
| MCB | 00003 | 7,700 | ▲ 0 |
| FPB | 00004 | 21,000 | ▲ 0 |
| TMH | 00005 | 2,700 | ▲ 100 |